**ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ**

**တရားရေးဌာန**

**ဥပဒေသုံးသပ်ရေးဌာနစု**

**(ဆိုရှယ်လစ်စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှကာကွယ်သည့်နည်းဥပဒေများ။)**

**အမှတ် ၁၁၆**

**ရန်ကုန်မြို့၊ ၁၃၂၆ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၈ ရက်။**

**(၁၉၆၅ ခုနှစ်၊ ဧပြီလ ၉ ရက်။)**

အမှတ် ၁၁၆။ ။ ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ် သည့် ဥပဒေပုဒ်မ ၅ အရ၊ အစိုးရသည်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

**ဆိုရှယ်လစ်စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှကာကွယ်သည့်နည်းဥပဒေများ ။**

အမည်။

၁။ ။ ဤနည်းဥပဒေများကို၊ **"ဆိုရှယ်လစ်စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ် သည့်နည်းဥပဒေများ"** ဟုခေါ်တွင်စေရမည်။

အဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်။

၂။ ။ ဤနည်းဥပဒေများတွင် စာလုံးများသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) **"ဥပဒေ"** ဆိုသည်မှာ၊ ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ဆိုလိုသည်။

(ခ) **"အဓိပ္ပါယ်ဖွင့်ဆိုရေးအဖွဲ့"** ဆိုသည်မှာ၊ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၂)အရ၊ အစိုးရကခန့်ထားသည့်အဖွဲ့ ကို ဆိုလိုသည်။

(ဂ) **" အထူးခုံရုံး"** ဆိုသည်မှာ၊ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂ ) အရ၊ ဖွဲ့စည်းသည့် အထူးခုံရုံးကို ဆိုလိုသည်။

(ဃ) **"အတည်ပြုအဖွဲ့"** ဆိုသည်မှာ၊ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၃) အရ၊ ဖွဲ့စည်းသည့် အတည်ပြုအဖွဲ့ကို ဆိုလိုသည်။

(င) **"အယူခံအဖွဲ့"** ဆိုသည်မှာ၊ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၄) အရ၊ ဖွဲ့စည်းသည့်အယူခံအဖွဲ့ကို ဆိုလိုသည်။

(စ) **"စုံစမ်းစစ်ဆေးသူ"** ဆိုသည်မှာ၊ မှုခင်းကိစ္စများကို စုံစမ်းစစ်ဆေးရန် ဥပဒေအရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အစိုးရက၊ အခါအားလျော်စွာ ခန့်ထားသောသူ၊ သို့မဟုတ် အဖွဲ့ကိုဆိုလိုသည်။

စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူခြင်း။

၃။ ။ (၁) ဥပဒေပါ ပြစ်မှုတခုခုကို၊ တဦးတယောက်သောသူက၊ ကျူးလွန်ကြောင်းသိရှိရသောအခါ၊ သို့မဟုတ် တိုင်ကြားချက်ရသောအခါ၊ စုံစမ်းစစ်ဆေးသူသည်၊ ပဏာမစုံစမ်းစစ်ဆေး၍အထောက် အထားတွေ့ရှိက ထိုသူကိုချက်ခြင်းဖမ်းဆီးပြီး လုံခြုံသောနေရာ၌ ထိန်းသိမ်းထားရမည်။



Myanmar Law Information System (MLIS)

(၂) နည်းဥပဒေခွဲ (၁) အရ ဖမ်းဆီးပြီးနောက်၊ ရမန်မယူဘဲ ၂လအထိ ထိန်းသိမ်းထားနိုင်သည်။ ယင်းသို့ ထိန်းသိမ်းထားစဉ်ကာလအတွင်း စုံစမ်းစစ်ဆေးသူသည်၊ အမှုကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ အမှန်တရားပေါ်ပေါက်လာသည့်တိုင်အောင် စုံစမ်းစစ်ဆေးရမည်။

(၃) နည်းဥပဒေခွဲ(၂) အရ စုံစမ်းစစ်ဆေးမှုများ မပြည့်စုံသေးလျှင်၊ သို့မဟုတ် ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားခြင်းခံရလျှင်၊ စုံစမ်းစစ်ဆေးသူသည်၊ တိုင်ကြားခံရသူအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အစိုးရထံတင်ပြရမည်။

(၄) နည်းဥပဒေခွဲ (၃)အရ တင်ပြချက်အပေါ်တွင်အစိုးရသည် သင့်လျော်သည့်အမိန့်ကိုချမှတ် နိုင်သည်။

အမှုတင်ပြခြင်း။

၄။ ။ (၁) နည်းဥပဒေ ၃အရ စုံစမ်းစစ်ဆေးမှုများပြည့်စုံသောအခါ စုံစမ်းစစ်ဆေးသူသည်၊ အစိုးရကညွှန်ကြားသတ်မှတ်သည့်ဌာနသို့ အမှုကိုတင်ပြရမည်။

(၂) အစိုးရကညွှန်ကြားသတ်မှတ်သည့်ဌာနသည်၊ အမှုကြောင်းခြင်းရာများနှင့် စုံစမ်းစစ်ဆေးသူ၏ တင်ပြချက်တို့ကို လက်ခံစဉ်းစားပြီးနောက်၊ သက်သေအထောက်အထားများ ပြည့်စုံပြီဟုငင်း၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်သည့်ပြစ်မှုတခုခု ကျူးလွန်သည်ဟုငင်း ယူဆလျှင်၊ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ပေးရန်နှင့် ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂)အရ အထူးခုံရုံးဖွဲ့စည်းပေးရန်၊ အစိုးရကညွှန်ကြားသည့်အတိုင်း အကြောင်းကြားရမည်။ ထိုအကြောင်းကြားချက်တွင် အထူးခုံရုံး၌ ပါဝင်ဆောင်ရွက်မည့် နာယက၊ အဖွဲ့ဝင်အနည်းဆုံး ၂ဦး၊ အရံအဖွဲ့ဝင် အနည်းဆုံး ၂ဦးတို့၏ အမည်များနှင့်လိပ်စာများပါဝင်ရမည်။ ဥပဒေအရာရှိပါဝင် ဆောင်ရွက်ရန် လိုသည်ဟုယူဆလျှင်၊ ထိုပုဂ္ဂိုလ်၏အမည်နှင့်လိပ်စာလည်းပါဝင်ရမည်။

အမိပွါယ်ဖွင့်ဆိုရေးအဖွဲ့၏ အဆုံးအဖြတ်ကိုယူခြင်း။

၅။ ။ အစိုးရကသတ်မှတ်သည့်ဌာနသည်၊ တင်ပြချက်များကို လက်ခံစဉ်းစား၍ သက်သေအထောက်အထားပြည့်စုံပြီဖြစ်သော်လည်း၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုကို ဆန့်ကျင်သည့်ပြစ်မှု တခုခု၊ ဟုတ်၊ မဟုတ်သံသယရှိနေလျှင်၊ အမိပွါယ်ဖွင့်ဆိုရေးအဖွဲ့သို့တင်ပြ၍၊ ထိုအဖွဲ့၏ အဆုံးအဖြတ် ကို ရယူရမည်။

အထူးခုံရုံးဖွဲ့စည်းခြင်း။

၆။ ။ အစိုးရကသတ်မှတ်သည့်ဌာနသည်၊ နည်းဥပဒေ၄(၂) အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ၊ နာယကနှင့် ၂ ဦးအောက်မနည်းသော အဖွဲ့ဝင်များပါဝင်သည့် အထူးခုံရုံးကို အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းပေးရမည်။ ထိုအမိန့်ကြော်ငြာစာတွင်၊ အရံအဖွဲ့ဝင်အနည်းဆုံး ၂ ဦး၏အမည်များနှင့်တိုင်ကြား ခံရသူအားဤဥပဒေအရ တရားစွဲဆိုခွင့်ပြုကြောင်းလည်းပါဝင်ရမည်။

အထူးရာဇဝတ်ရုံးနည်းဥပဒေများနှင့်သက်ဆိုင်စေခြင်း၊

၇။ ။ အထူးရာဇဝတ်ရုံးနည်းဥပဒေများသည်၊ အထူးခုံရုံး၊ အတည်ပြုအဖွဲ့၊ အယူခံအဖွဲ့တို့နှင့်သက်ဆိုင်စေ ရမည်။

နည်းဥပဒေများပါပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ခြင်း။



Myanmar Law Information System (MLIS)

၈။ ။ ဤနည်းဥပဒေများမပြုမီ ဆောင်ရွက်ခဲ့သော ကိစ္စများသည် ဤနည်းဥပဒေများအရ ပြုလုပ် ဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရမည်။

အမိန့်အရ၊

ဗိုလ်မှူးအောင်ဝင်း၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊

တရားရေးဌာန။

Myanmar Law Information System (MLIS)